WWW.DHAMMARANSI.COM



မေးကြ၏။ "ငါ့ စည်းငါမ ရှာ်းလျှင် ဘာလုပ်ရမလဲ" ဟု တုံ့ပြန်ပြောဆို၏။

ထိုအချိန်တွင် ဥစ္စာပျက်ခဲ့သည့် သဌေးမျိုး၏သမီးဖြစ်၍ ကိုယ်ခန္ဓာ ပိန်လွန်းလှသော ကိသာဂေါတမီသည် ကိစ္စတခုဖြင့် လာယင်း သဌေးအိမ်ရှေ့ရောက်လာ၍ သဌေးကိုမြင်လျှင်....

"အို အဖေကြီး၊ ဘယ်လိုလဲ ရွှေတွေငွေတွေ ပုံပြီးရောင်း နေပါကလား" ဟု မေး၏။

"သမီး.... ဘယ်မှာလဲရွှေတွေငွေတွေ" ဟု ပြန်မေးလေလျှင်

"အဖေကြီးက ရွှေပုံငွေပုံရှေ့ထားပြီး ထိုင်နေတာပဲ"

"သမီး.... အဲဒီရွှေငွေတွေ ယူပေးစမ်းပါ"

ကိသာဂေါတမီသည် လက်ခုပ်အပြည့်ယူပြီး သဌေးလက် တွင်းသို့ လောင်းထည့်ပေး၏။ သဌေးလက်ပေါ်၌ ရွှေငွေတို့ ဖြစ်သွားကြ၏။ သဌေးသည် အလွန် ဝမ်းမြောက်သွား၏။ သဌေးက....

"သမီးတို့အိမ် ဘယ်မှာလဲ" ဟု မေး၏။ ကိသာဂေါတမီက မိဘအမည်နှင့်တကွ နေရာကိုပြောပြလေလျှင် သဌေးကအားလုံး သိ၏။ မျိုးရိုးသည်းတူညီ။ ကိသာဂေါတမီတွင် အိမ်ထောင် မရှိသေးကြောင်းသိသဖြင့် ကိသာဂေါတမီ မိဘတို့ထံတွင် မိမိ သားနှင့် စေ့စပ်ပေးစားကာ အိမ်သို့ခေါ်ဆောင်လာပြီး ကုဋေ လေးဆယ်သောဥစ္စာတို့ကို အပ်နှင်းလေ၏။

ထိုအခါမှ ပစ္စည်းအားလုံးတို့သည် ရွှေနှင့်ငွေချည်းဖြစ်ကြ လေကုန်သတည်း။

WWW.DHAMMARANSI.COM



ထိုအခါ ကိသာဂေါတမီ သေရီသည် မြတ်စွာဘုရားအား ဖူးမြင်ရန် ကျောင်းကင်ခရီးမှ ဈာန်ယာဉ်ဖြင့် ကြွလာတော်မူရာ သိကြားမင်းနှင့် နတ်ပရိသတ်တို့ကိုမြင်၍ မဝင်တော့ပဲ ပြန်သွားလေ၏။

သိကြားမင်းက မြင်လေရာ....

"အရှင်ဘုရား၊ ကျောင်းတင်မှုကြွလာပြီး မြတ်စွာဘုရားကို ဖူးမြင်၍ပြန်သွားသည့် ဘိက္ခုနီမသည် အဘယ်ပုဂ္ဂိုလ် ခေါ်ပါ သလဲဘုရား"

"သိကြားမင်း။ ။ဤဘိက္ခုနီအား ပံ့သကူသင်္ကန်းကိုဆင် မြန်းသည့် ထေရီတို့တွင် အမြတ်ဆုံးဖြစ်သော ငါ၏သမီးတော် ကြီး ကိသာဂေါတမီဖြစ်ပေသည်"ဟု မိန့်ကြားတော်မူပြီး—

၃၉၅။ ပံ့သကူလဓရံ ဇန္တုံ၊ ကိသံဓမနိသန္ထတံ။
ဧကံ ဝနသ္မိံ ဈာယန္တံ၊ တမဟံ ဗြူမိဗြာဟ္မဏံ။

၃၉၅။ ပံ့သကူသင်္ကန်းကိုဆောင်သော ကြုံလှီ၍ အကြော ပြိုင်းပြိုင်းထသော တယောက်တည်းတောထဲ၌ဈာန်ဝင်စားနေလေ့ ရှိသောထိုပုဂ္ဂိုလ်ကို(မကောင်းမှုကို အကုန်ပယ်၍ စင်ကြယ်မြင့် မြတ်သော)ဗြာဟ္မဏဟု ငါဘုရားဟော၏။ ။ဟူ၍ဟောကြား တော်မူ၏။

## ကိသာဂေါတမီ၏
## အတိတ်ဇာတ်ကြောင်း ရှေးဆုတောင်းများကား

ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်းထက်ဝယ် ပဒုမုတ္တရမြတ်စွာ ဘုရားပွင့်တော်မူသည်တွင် ဟံသာဝတီမြို့တွင် မထင်မရှားအမျိုး

WWW.DHAMMARANSI.COM



# တောင် (ဘွဲ့ထူးဂုဏ်ထူး) အမျိုးအစားပေါင်း ၆၀ နှင့် တောင်ဘွဲ့ရ ပုဂ္ဂိုလ် (၇၅) ပါး

တောင်ဘွဲ့ရ ရဟန္တာ မထေရ်ကြီး (၄၁) ပါး၊ ရဟန္တာထေရီ (၁၃) ပါး၊ ဥပါသကာ (၁၁) ဦး၊ ဥပါသိကာ (၁၀) ဦး။

၁။ ဝါရင့်ခြင်း။ ။ရတ္တညုတောင် (ရဟန်းသိက္ခာဝါအကြီးဆုံး)

ဘွဲ့ရပုဂ္ဂိုလ် ၂-ပါး။ (၁) အရှင်ကောဏ္ဍည။

(၂) အရှင်မ ပဇာပတိဂေါတမီ။

၂။ ဉာဏ်ပညာကြီးခြင်း။ ။"အဂ္ဂမဟာပညာ တောင်"

ဘွဲ့ရပုဂ္ဂိုလ် ၂-ပါး။ (၃) အရှင် သာရိပုတ္တရာ။ အဂ္ဂသာဝက၊ လက်ျာတော်ရံ ဓမ္မသေနာပတိ တရားစစ်သူကြီး။

(၄) အရှင်မ ခေမာထေရီ။

၃။ တန်ခိုးဣဒ္ဓိပါဒ်ကြီးခြင်း။ ။"ဣဒ္ဓိမန္တာ တောင်"

ဘွဲ့ရပုဂ္ဂိုလ် ၂-ပါး။ (၅) အရှင်မဟာ မောဂ္ဂလ္လာန်။ အဂ္ဂသာဝက လက်ဝဲတော်ရံ။

(၆) အရှင်မ ဥပ္ပလဝဏ်ထေရီ။

WWW.DHAMMARANSI.COM



၃၂။ အကြားအမြင်များခြင်း။ ။"ဗဟုသုတတေဒင်"
ဘွဲ့ရပုဂ္ဂိုလ် ၂ ဦး။ (၄၁) အရှင်အာနန္ဒာ (ပထမဘွဲ့)
(၄၂) ခုဇ္ဇုတ္တရာရှင်မ။

၃၃။ သတိကောင်းခြင်း။ ။"သတိမန္တတေဒင်"
(၄၁)အရှင်အာနန္ဒာ (ဒုတိယဘွဲ့)

၃၄။ ဥာဏ်ကောင်းခြင်း။ ။"ဂတိမန္တတေဒင်"
(၄၁) အရှင်အာနန္ဒာ(တတိယဘွဲ့)

၃၅။ လုံ့လကြီးခြင်း။ ။"ဓိတိမန္တတေဒင်"
(၄၁) အရှင်အာနန္ဒာ(စတုတ္ထဘွဲ့)

၃၆။ လုပ်ကျွေးပြုစုခြင်း။ ။"ဥပဋ္ဌာကတေဒင်"
(၄၁) အရှင်အာနန္ဒာ(ပဥ္စမဘွဲ့)
အရှင်အာနန္ဒာတပါးတည်း ဘွဲ့တူး ၅ ဘွဲ့ ရသည်။

၃၇။ အခြံအရံများခြင်း။ ။"မဟာပရိသတေဒင်"
(၄၃) အရှင်ဥရုဝေလကဿပ။

၃၈။ ဆွေတော်မျိုးတော်တို့ကိုကြည်ညိုစေခြင်း။ ။
"ကုလပ္ပသာဒကတေဒင်"
(၄၄) အရှင်ကာဠုဒါယီ။

WWW.DHAMMARANSI.COM



၄၇။ ညှော်ဖျင်းခေါင်းပါးသောသင်္ကန်းကိုဆောင်ခြင်း။ ။ "လူခစိဝရဓရ တေဒဂ်"

ဘွဲ့ရပုဂ္ဂိုလ် ၂ပါး။ (၅၅) အရှင်မောဃရာဇ။
(၅၆) အရှင်မ ကိသာဂေါတမီ။

၄၈။ ဉာဏ်အမြင်ကြီးခြင်း။ ။ "မဟာဘိညာပတ္တ တေဒဂ်"
(၅၇) အရှင်မ ဘဒ္ဒကစ္စာနာ (ရာဟုလာ မယ်တော်)

၄၉။ ရှေးဦးစွာသရဏဂုံတည်ခြင်း။ ။ "သရဏဂမန တေဒဂ်"
ဘွဲ့ရပုဂ္ဂိုလ် ၃ ဦး။ (၅၈) တပုဿဉပါသကာ။
(၅၉) ဘလ္လိကဉပါသကာ။
(၆၀) သုဇာတာသဌေးမ။

၅၀။ ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်း။ ။ "ဒါယက တေဒဂ်"
ဘွဲ့ရပုဂ္ဂိုလ် ၂ ဦး။ (၆၁) အနာထပိဏ်ဉပါသကာ။
(၆၂) ဝိသာခါ ဉပါသိကာ။

၅၁။ ပရိသတ်ကိုချီးမြှောက်ခြင်း။ ။ 'ပရိသသင်္ဂဟ"
(၆၃) ဟတ္ထကာဠဝက သီတင်းသည် (ဉပုသ်သည်)

အာဠာဝကဘီလူးကို ကယ်ချွတ်ရာတွင် စားတော့မည့်ဆဲဆဲ မင်းသားကလေးကို ဘုရားအား ဆက်ကပ်လေသည်။ မြတ်စွာဘုရားက မင်းချင်းတို့လက်သို့ ပေးအပ်၍ အရွယ်ရောက်လျှင် ရဟန္တာသုံးပါးဆည်းကပ်ယင်း အနာဂါမိဖိုလ်၌ တည်လေသည်။

WWW.DHAMMARANSI.COM



၅၂။ အမြဲတမ်းကောင်းသည်ကိုသာလှူခြင်း။ ။"ပဏီတ ဒါယက တောဒ်"

ဘွဲ့ရပုဂ္ဂိုလ် ၂ ဦး။ (၆၄) မဟာနာမ သာကီဝင်မင်း။
(၆၅) သုပ္ပဝါသာ မင်းသမီး (အရှင်သီဝလိမယ်တော်)

၅၃။ နှစ်သက်ဖွယ်ရာလှူခြင်း။ ။"မနာပဒါယကာ တောဒ်"
(၆၆) ဥဂ္ဂသူကြွယ်(ဝေသာလီမြို့)

၅၄။ သံဃာအား စိတ်တူမျှစွာထား၍ လှူခြင်း။ ။"သံဃုပဋ္ဌာက တောဒ်"

(၆၇) ဥဂ္ဂတသဌေး (ဟတ္ထိဂါမရွာ)

အလှူဒါနပြုရာ၌ သံဃာတော်တို့အား သီလဝန္တ ရဟန်းသံဃာ အရိယာများ၏ ဂုဏ်ကျေးဇူးကိုသာ အာရုံပြုကြည်ညိုသည်။ သီလမရှိသော ဒုဿီလပုဂ္ဂိုလ်တို့၏အဖြစ်ကို အာရုံမပြုချေ။ လှူဖွယ်ဝတ္ထုများကို သီလဝန္တ၊ ဒုဿီလနှစ်မျိုးစလုံးအား တူမျှသောသဒ္ဓါစိတ်ဖြင့် လှူဒါန်းလေသည်။

၅၅။ သာသနာ၌ မတုန်မလှုပ်ကြည်ညိုသူ။ ။"အဝေစ္စပသန္နတောဒ်"

ဘွဲ့ရပုဂ္ဂိုလ် ၂ ဦး။ (၆၈) သူရမ္ဗဋ္ဌသဌေး။
မာရ်နတ်သည် မြတ်စွာဘုရားအယောင်ဆောင်၍ လာရောက်ဖျက်ဆီးသော်လည်း မာရ်ယုတ်အားနှင့်ထုတ်နိုင်ခဲ့သောပုဂ္ဂိုလ်။
(၆၉) ကာတိယာနိဥပါသိကာ။

